# ANNUAL REPORT 2018-2019

THE CITIZENS' CHOICE

MCB
Myanmar Citizens Bank

မြန်မာနိုင်ငံသားများဘဏ် MYANMAR CITIZENS BANK

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်
(၂၇) ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးသို့တင်သွင်းသည့်
ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

## အကြောင်းအရာ

## မာတိကာ


နိဒါန်း ........ 1

လက်ရှိရှယ်ယာပိုင်ဆိုင်မှုအခြေအနေ ........ 2

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MCB ဘဏ်ခွဲများ........ 3

ဘဏ်ခွဲများဖွင့်လှစ်ခြင်း ........ 4

ဒါရိုက်တာအဖွဲ့ ........ 5

ကော်မတီများ ........ 6

မတည်ရင်းနှီးငွေအခြေအနေ ........ 7

အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်မှု ........ 8

အမြတ်ငွေနှင့် အမြတ်ခွဲဝေမှု ........ 9/10

ဆောင်ရွက်လျက်ရှိသောလုပ်ငန်းကဏ္ဍများအလိုက်ဝင်ငွေရရှိမှု ........ 11

ပြည်တွင်းဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ (အပ်ငွေနှင့်ချေးငွေ) ........ 12

နိုင်ငံတကာဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ........ 13

နိုင်ငံခြားငွေလုပ်ငန်းဆောင်ရွက်ခြင်း ........ 14

နိုင်ငံတကာငွေလွှဲလုပ်ငန်း နှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ........ 15

International Card Program လုပ်ငန်း (Visa Card, Master, MPU)........ 16

MPU, E-payment ဝန်ဆောင်မှုလုပ်ငန်း ........ 17/18

ချေးငွေလုပ်ငန်း ........ 19

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း ........ 20/21

Yangon Stock Exchange တွင် Share ရောင်းဝယ်မှုအခြေအနေ ........ 21

ငွေကြေးခိုင်မာမှုအခြေအနေ ........ 22

အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်မှု ........ 23

ဘဏ်စာရင်းစစ်ဆေးခြင်းနှင့်လုပ်ငန်းများစစ်ဆေးခြင်း ........ 24

MCB 4.0 project ........ 25

ရှေ့လုပ်ငန်းစဉ်များ ........ 26

မြန်မာနိုင်ငံသားများဘဏ်၏ (၂၀၁၈-၂၀၁၉) လုပ်ငန်းဆောင်ရွက်ချက်များ ........ 27/28

မြန်မာနိုင်ငံသားများဘဏ်ဝန်ထမ်းများ၏ STAFF PARY ပုံရိပ်များ ........ 29

မြန်မာနိုင်ငံသားများဘဏ်၏ ဝန်ဆောင်မှုများ ........ 30

## နိဒါန်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား မြန်မာနိုင်ငံအထူးကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီ များ မှတ်ပုံ - တင်ရုံး၏ ၃၀-၁၀-၉၁ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၂၇၄/၁၉၉၁-၉၂)ဖြင့်မှတ်ပုံတင်၍ အများပိုင် ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၂၅-၅-၁၉၉၂ ရက်စွဲပါ လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ဂျေ(အိုင်)-၁ (၅) ၁၉၉၂ ဖြင့် ခွင့်ပြုချက်အရ ၂-၆-၁၉၉၂ ရက်နေ့မှစ၍ အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဘဏ်ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၂)ရက်နေ့တွင် ဘဏ်လုပ်ငန်းသက်တမ်း(၂၅) နှစ်ပြည့်သည့် ငွေရတုသဘင် အခမ်းအနားကို အောင်မြင်စွာ ကျင်းပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ဘဏ်စတင်တည်ထောင်စဉ်က အစုရှယ်ယာများကို ဖက်စပ်ကော်ပိုရေးရှင်းများနှင့်အများပြည်သူ ကပိုင်ဆိုင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် ဖက်စပ်ကော်ပိုရေးရှင်းများကိုဖျက်သိမ်းခဲ့ရာ ဖက်စပ်ကော်ပိုရေးရှင်းများ၏ အစုရှယ်ယာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းသက်သာအဖွဲ့အစည်းများမှ ဝယ်ယူခဲ့ပါသည်။

## ၁ လက်ရှိရှယ်ယာပိုင်ဆိုင်မှု အခြေအနေ


### General Public

1,993


### Entrepreneurs

### Government

MINISTRY OF COMMERCE
THE REPUBLIC OF THE UNION OF MYANMAR



## ၂ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MCB ဘဏ်ခွဲများ



**စစ်ကိုင်းတိုင်းဒေသကြီး**
- မုံရွာဘဏ်ခွဲ
- မုံရွာဘဏ်ခွဲငယ်
- တန့်ဆည်ဘဏ်ခွဲ
- ရွှေဘိုဘဏ်ခွဲ
- ဖားကန့်ဘဏ်ခွဲ

**မန္တလေးတိုင်းဒေသကြီး**
- မန္တလေးဘဏ်ခွဲ (၁)
- မန္တလေးဘဏ်ခွဲ (၂)
- မန္တလေးဘဏ်ခွဲ (၃)
- မန္တလေးဘဏ်ခွဲ (၄)
- မန္တလေးဘဏ်ခွဲ (၅)
- မန္တလေးဘဏ်ခွဲ (၆)
- မန္တလေးဘဏ်ခွဲ (၇)
- မြင်းခြံဘဏ်ခွဲ

**ရခိုင်ပြည်နယ်**
- စစ်တွေဘဏ်ခွဲ

**မကွေးတိုင်းဒေသကြီး**
- မကွေးဘဏ်ခွဲ
- ရေစကြိုဘဏ်ခွဲ
- အောင်လံဘဏ်ခွဲ
- ပခုက္ကူဘဏ်ခွဲ

**ဧရာဝတီတိုင်းဒေသကြီး**
- ပုသိမ်ဘဏ်ခွဲ
- မြောင်းမြဘဏ်ခွဲ

**မွန်ပြည်နယ်**
- မော်လမြိုင်ဘဏ်ခွဲ

**ကရင်ပြည်နယ်**
- မြဝတီဘဏ်ခွဲ

**ရှမ်းပြည်နယ်**
- တောင်ကြီးဘဏ်ခွဲ
- မူဆယ်(၁၀၅-မိုင်)ဘဏ်ခွဲ
- မူဆယ်ဘဏ်ခွဲ
- လားရှိုးဘဏ်ခွဲ

**နေပြည်တော်**
- နေပြည်တော်ဘဏ်ခွဲ
- နေပြည်တော်(မြို့မဈေး) ဘဏ်ခွဲ

**ပဲခူးတိုင်းဒေသကြီး**
- ပဲခူးဘဏ်ခွဲ
- ပြည်ဘဏ်ခွဲ

**ရန်ကုန်တိုင်းဒေသကြီး**
- ကျောက်တံတားဘဏ်ခွဲ
- ပုဇွန်တောင်ဘဏ်ခွဲ
- ပန်းဘဲတန်းဘဏ်ခွဲငယ်
- ဒေါပုံဘဏ်ခွဲ
- လသာဘဏ်ခွဲ
- ဘုရင့်နောင်ဘဏ်ခွဲ
- ဘုရင့်နောင်ဘဏ်ခွဲငယ်
- မြောက်ဥက္ကလာပဘဏ်ခွဲ
- တော်ဘွားကြီးကုန်းဘဏ်ခွဲ
- ဗိုလ်အောင်ကျော်ဘဏ်ခွဲ
- ရေကျော်ဘဏ်ခွဲငယ်
- ကြည့်မြင်တိုင်ဘဏ်ခွဲ
- စမ်းချောင်းဘဏ်ခွဲ
- ခရမ်းဘဏ်ခွဲ

**တနင်္သာရီတိုင်းဒေသကြီး**
- မြိတ်ဘဏ်ခွဲ

# ဘဏ်ခွဲများ ဖွင့်လှစ်ခြင်း

၃ ဘဏ်သက်တမ်း (၂၇) နှစ်ကာလအတွင်း ရန်ကုန်မြို့နှင့် တိုင်းနှင့်ပြည်နယ် အသီးသီးတွင် အောက်ပါအတိုင်း ဘဏ်ခွဲနှင့်ဘဏ်ခွဲငယ် စုစုပေါင်း (၄၅) ဘဏ် အား ဖွင့်လှစ်နိုင်ခဲ့ပါသည်။

| ဘဏ်/ဘဏ်ခွဲအမည် | ဖွင့်လှစ်သည့်နေ့ |
|---|---|
| (၁) ကျောက်တံတားဘဏ်ခွဲ | ၂-၆-၁၉၉၂ |
| (၂) မန္တလေးဘဏ်ခွဲ (၁) | ၆-၆-၁၉၉၆ |
| (၃) ဘုရင့်နောင်ဘဏ်ခွဲ | ၁၂-၅-၂၀၁၁ |
| (၄) နေပြည်တော်ဘဏ် | ၂၂-၆-၂၀၁၁ |
| (၅) မြင်းခြံဘဏ်ခွဲ | ၁၂-၈-၂၀၁၁ |
| (၆) မုံရွာဘဏ်ခွဲ | ၁၅-၈-၂၀၁၁ |
| (၇) မူဆယ်ဘဏ်ခွဲ(၁) | ၁၇-၁၀-၂၀၁၁ |
| (၈) ရေစကြိုဘဏ်ခွဲ | ၁၄-၁၂-၂၀၁၂ |
| (၉) တန့်ဆည်ဘဏ်ခွဲ | ၂၆-၄-၂၀၁၃ |
| (၁၀) မန္တလေးဘဏ်ခွဲ (၂) | ၁၂-၇-၂၀၁၃ |
| (၁၁) မုံရွာဘဏ်ခွဲငယ် | ၂၃-၈-၂၀၁၃ |
| (၁၂) ဒေါပုံဘဏ်ခွဲ | ၂၀-၁၂-၂၀၁၃ |
| (၁၃) လားရှိုးဘဏ်ခွဲ | ၁-၃-၂၀၁၄ |
| (၁၄) အောင်လံဘဏ်ခွဲ | ၂၀-၆-၂၀၁၄ |
| (၁၅) ဘုရင့်နောင်ဘဏ်ခွဲငယ် | ၂၅-၁၀-၂၀၁၄ |
| (၁၆) ပန်းဘဲတန်းဘဏ်ခွဲငယ် | ၁၇-၁၂-၂၀၁၄ |
| (၁၇) ပုဇွန်တောင်ဘဏ်ခွဲ | ၆-၁၂-၂၀၁၅ |
| (၁၈) မြောက်ဥက္ကလာပဘဏ်ခွဲ | ၁-၃-၂၀၁၆ |
| (၁၉) ပြည်ဘဏ်ခွဲ | ၁-၅-၂၀၁၆ |
| (၂၀) လသာဘဏ်ခွဲ | ၄-၆-၂၀၁၆ |
| (၂၁) စစ်တွေဘဏ်ခွဲ | ၇-၆-၂၀၁၆ |
| (၂၂) မန္တလေးဘဏ်ခွဲ (၃) | ၂၂-၁၀-၂၀၁၆ |

| ဘဏ်/ဘဏ်ခွဲအမည် | ဖွင့်လှစ်သည့်နေ့ |
|---|---|
| (၂၃) ပုသိမ်ဘဏ်ခွဲ | ၁၇-၁-၂၀၁၇ |
| (၂၄) မြိတ်ဘဏ်ခွဲ | ၂၀-၁၁-၂၀၁၇ |
| (၂၅) ပဲခူးဘဏ်ခွဲ | ၄-၄-၂၀၁၈ |
| (၂၆) မြောင်းမြဘဏ်ခွဲ | ၁၀-၄-၂၀၁၈ |
| (၂၇) နေပြည်တော် (မြို့မဈေး) | ၂၀-၆-၂၀၁၈ |
| (၂၈) ပခုက္ကူဘဏ်ခွဲ | ၂၂-၆-၂၀၁၈ |
| (၂၉) မူဆယ်ဘဏ်ခွဲ(၂) | ၁၀-၄-၂၀၁၈ |
| (၃၀) တောင်ကြီးဘဏ်ခွဲ | ၂၉-၈-၂၀၁၈ |
| (၃၁) စော်ဘွားကြီးကုန်းဘဏ်ခွဲ | ၁၇-၉-၂၀၁၈ |
| (၃၂) မကွေးဘဏ်ခွဲ | ၁၉-၉-၂၀၁၈ |
| (၃၃) မန္တလေးဘဏ်ခွဲ (၄) | ၁၁-၁၁-၂၀၁၈ |
| (၃၄) မန္တလေးဘဏ်ခွဲ (၅) | ၁၁-၁၁-၂၀၁၈ |
| (၃၅) မန္တလေးဘဏ်ခွဲ (၆) | ၁၁-၁၁-၂၀၁၈ |
| (၃၆) မန္တလေးဘဏ်ခွဲ (၇) | ၁၁-၁၁-၂၀၁၈ |
| (၃၇) ရွှေဘိုဘဏ်ခွဲ | ၂၈-၁၁-၂၀၁၈ |
| (၃၈) ဇီးကုန်းဘဏ်ခွဲ | ၁၀-၁-၂၀၁၉ |
| (၃၉) ရေကျော်ဘဏ်ခွဲ | ၁၉-၂-၂၀၁၉ |
| (၄၀) ဗိုလ်အောင်ကျော်ဘဏ်ခွဲ | ၁၉-၂-၂၀၁၉ |
| (၄၁) စမ်းချောင်းဘဏ်ခွဲ | ၁၅-၃-၂၀၁၉ |
| (၄၂) ကြည့်မြင်တိုင်ဘဏ်ခွဲ | ၁၅ -၃-၂၀၁၉ |
| (၄၃) ခရမ်းဘဏ်ခွဲ | ၂၈-၈-၂၀၁၉ |
| (၄၄) မော်လမြိုင်ဘဏ်ခွဲ | ၂-၁၂-၂၀၁၉ |
| (၄၅) မြဝတီဘဏ်ခွဲ | ဖွင့်လှစ်ရန်အသင့် |

၄ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲအသစ်(၁၉)ခု နှင့် မူလနေရာဟောင်းသို့ ရွှေ့ပြောင်းမည့် ဘဏ်ခွဲအဟောင်း (၂)ခု စုစုပေါင်းဘဏ်ခွဲ(၂၁)ခု ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

## ဒါရိုက်တာအဖွဲ့

၅ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်း အခန်း(၁၆)၊ အပိုဒ်(၁၀၃)တွင်ဒါရိုက်တာအဖွဲ့ဝင်ဦးရေကို သီးခြားလွတ်လပ်သည့် ဒါရိုက်တာ(၁)ဦးနှင့် ရှယ်ယာရှင်(၉)ဦး စုစုပေါင်း (၁၀)ဦး ဖြင့်ဖွဲ့စည်းထားပါသည်။

၆ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၆) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး၏ သဘောတူအတည်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော ဒါရိုက်တာ အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ဒါရိုက်တာအဖွဲ့ (ဒါရိုက်တာများ)

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဒေါက်တာ သန်းမြင့် | ပြည်ထောင်စုဝန်ကြီး (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) | နာယက |
| ၂ | ဦးတိုးအောင်မြင့် | အမြဲတန်းအတွင်းဝန်(ငြိမ်း)(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) | ဥက္ကဋ္ဌ |
| ၃ | ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | MD(Capital Diamond Star Group Ltd.) | အဖွဲ့ဝင် |
| ၄ | ဦးလှဦး | Director(Good Brother's Co.,Ltd.) | အဖွဲ့ဝင် |
| ၅ | ဦးထွန်းလွင် | MD (Shwe Me Co.,Ltd.) | အဖွဲ့ဝင် |
| ၆ | ဦးအုန်းဆိုင် | Director (New Golden Gate (1991) Co.,Ltd.) | အဖွဲ့ဝင် |
| ၇ | ဦးအောင်အောင် | CEO (IT Consultant, AhtarOo Co.,Ltd.) | အဖွဲ့ဝင် |
| ၈ | ဒေါ်မိုးမိုး | Director (J.D.S Co.,Ltd) | အဖွဲ့ဝင် |
| ၉ | ဒေါ်အေးစန္ဒာလွင် | Director (PAC Link Trading) | အဖွဲ့ဝင် |
| ၁၀ | ဦးဇေယျာသူရမွန် | CEO (Zeya & Associates Co.,Ltd.) | အဖွဲ့ဝင် |
| ၁၁ | ဦးအေးသော် | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ၁၂ | ဒေါ်ချိုချိုအေး | အကြီးတန်းအထွေထွေမန်နေဂျာ မြန်မာနိုင်ငံသားများဘဏ်လီမိတက် | အတွင်းရေးမှူး |

## ၇ ကော်မတီများ

ဒါရိုက်တာများပါဝင်သော ကော်မတီ(၇)ရပ်ကိုလည်း ဖွဲ့စည်း တာဝန်ပေးဆောင်ရွက်ခဲ့ပါသည်။

### (က) ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဒေါက်တာကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂ | ဦးထွန်းလွင် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄ | Mr.Udana | EVP | အတွင်းရေးမှူး |

### ( ခ ) ချေးငွေကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးအုန်းဆိုင် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | ဦးထွန်းလွင် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄ | ဒေါ်မိမိကျော် | EVP | အတွင်းရေးမှူး |

### ( ဂ ) လစာချီးမြှင့်ရေးကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဒေါက်တာကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄ | ဒေါ်ဖြူပွင့်ခိုင် | Head of HR | အတွင်းရေးမှူး |

### (ဃ) စာရင်းစစ်ကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးအေးသော် | ဒါရိုက်တာ(Independent Director) | ဥက္ကဋ္ဌ |
| ၂ | ဒေါ်ခင်သက်ထား | ဒါရိုက်တာအဖွဲ့(အကြံပေး) | အဖွဲ့ဝင် |
| ၃ | ဦးတင့်လွင် | ဒုတိယအထွေထွေမန်နေဂျာ ငြိမ်း မြန်မာကုန်တိုက် | အဖွဲ့ဝင် |
| ၄ | ဦးသန်းဝင်းရွှေ | ဥပဒေ(အကြံပေး) | အဖွဲ့ဝင် |
| ၅ | ဒေါ်ခင်ဆွေဦး | အထွေထွေမန်နေဂျာ | အတွင်းရေးမှူး |

### ( င ) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေး ကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးထွန်းလွင် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂ | ဒေါက်တာကိုကိုကြီး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄ | Mr.Udana | EVP | အတွင်းရေးမှူး |

### ( စ ) Strategy and Investment Committee

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဒေါက်တာကိုကိုကြီး | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄ | Mr.TEK | SVP | အတွင်းရေးမှူး |

### (ဆ) Board IT Steering Committee

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးအောင်အောင် | ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ၂ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၃ | ဦးလှဦး | ဒါရိုက်တာ | အဖွဲ့ဝင် |
| ၄ | ဦးမျိုးသန့်ဦး | CIO | အတွင်းရေးမှူး |

၈ ကော်မတီအသီးသီးမှ အစည်းအဝေးများပြုလုပ်၍ စစ်ဆေးတွေ့ ရှိချက်များကို ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ တင်ပြဆွေးနွေးသုံးသပ်ပြီး ဆုံးဖြတ်ချက်များချကာ လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။


## မတည်ရင်းနှီးငွေအခြေအနေ

၉ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ခွင့်ပြုမတည်ငွေရင်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ (၂-၁-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် ကျပ်သန်း(၇၅,၀၀၀)ထိ ခွင့်ပြု ထားပါသည်။ ထည့်ဝင်ပြီး မတည်ငွေရင်းမှာအောက်ပါဖော်ပြပါအတိုင်း ကျပ်(၅၂)ဘီလျံရှိပြီဖြစ်ပါသည်။

| စဉ် | ဘဏ္ဍာနှစ် | ထည့်ဝင်သည့် ရှယ်ယာတန်ဖိုး | (ကျပ်သန်းပေါင်း) အဆင့်ဆင့်ပေါင်း ရှယ်ယာတန်ဖိုး | တိုးတက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၁၉၉၁-၁၉၉၂ မှ ၁၉၉၆-၁၉၉၇ ထိ | - | ၁၁၀.၀၀၀ | - |
| ၂ | ၂၀၀၂-၂၀၀၃ | ၅၀.၀၀၀ | ၁၆၀.၀၀၀ | ၄၅.၄၅% |
| ၃ | ၂၀၀၄-၂၀၀၅ | ၆၀.၀၀၀ | ၂၂၀.၀၀၀ | ၃၇.၅၀% |
| ၄ | ၂၀၀၆-၂၀၀၇ | ၁၅၄.၂၅၀ | ၃၇၄.၂၅၀ | ၇၀.၁၁% |
| ၅ | ၂၀၀၇-၂၀၀၈ | ၄၈၇.၀၄၅ | ၈၆၁.၂၉၅ | ၁၃၀.၁၄% |
| ၆ | ၂၀၀၈-၂၀၀၉ | ၃၈.၇၀၅ | ၉၀၀.၀၀၀ | ၄.၄၉% |
| ၇ | ၂၀၀၉-၂၀၁၀ | ၂၃၂၃.၈၀၇ | ၃၂၂၃.၈၀၇ | ၂၅၈.၂၀% |
| ၈ | ၂၀၁၀-၂၀၁၁ | ၅၈.၀၂၃ | ၃၂၈၁.၈၃၀ | ၁.၈၁% |
| ၉ | ၂၀၁၁-၂၀၁၂ | ၁၅၀၀.၆၇၀ | ၄၇၈၂.၅၀၀ | ၄၅.၇၃% |
| ၁၀ | ၂၀၁၂-၂၀၁၃ | ၁၃၀၇၈.၀၉၂ | ၁၇၈၆၀.၅၉၂ | ၂၇၃.၄၆% |
| ၁၁ | ၂၀၁၃-၂၀၁၄ | ၄၁၀.၂၈၉ | ၁၈၂၇၀.၈၈၁ | ၂.၃၀% |
| ၁၂ | ၂၀၁၄-၂၀၁၅ | ၁၈၈၄၁.၉၄၅ | ၃၇၁၁၂.၈၂၆ | ၁၀၃.၁၃% |
| ၁၃ | ၂၀၁၅-၂၀၁၆ | ၁၂၇၅၆.၉၃၉ | ၄၉၈၆၉.၇၆၅ | ၃၄.၃၇% |
| ၁၄ | ၂၀၁၆-၂၀၁၇ | ၂၁၃၅.၁၆၅ | ၅၂၀၀၄.၉၃၀ | ၄.၂၈% |
| ၁၅ | ၂၀၁၇-၂၀၁၈ | - | ၅၂၀၀၄.၉၃၀ | - |
| ၁၆ | ၂၀၁၈-၂၀၁၉ | - | ၅၂၀၀၄.၉၃၀ | - |

မတည်ရင်းနှီးငွေ

## Capital Injection & Paid Up Capital Amount MMK in Million




၁၀ ထည့်ဝင်ပြီးမတည်ငွေရင်းကျပ် (၅၂၀၀၄.၉၃၀) သန်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာနမှ ကျပ် (၅၁၁၇.၀၅၅) သန်းနှင့် အများပြည်သူမှ ကျပ် (၄၆၈၈၇.၈၇၅) သန်း ဖြစ်ပါသည်။

## ရှယ်ယာအများဆုံးပိုင်ဆိုင်သူ ၂၀ ဦး စာရင်း (၃၁.၁၀.၂၀၁၉)
## မြန်မာနိုင်ငံသားများဘဏ်လီမိတက်

| စဉ် | ကုမ္ပဏီအမည် | ကုမ္ပဏီမှတ်ပုံတင် | ပိုင်ဆိုင်သည့် % |
|---|---|---|---|
| 1 | CAPITAL FINANCIAL HOLDING LTD | ၁၀၅၀/၂၀၁၅-၂၀၁၆(NPW) | ၂၂.၃% |
| 2 | CAPITAL DIAMOND STAR GROUP LTD | ၁၈၃၁/၂၀၁၂-၂၀၁၃ | ၁၅.၁% |
| 3 | DIAMOND STAR CO., LTD | ၁၆၅/ ၁၉၉၀-၁၉၉၁ | ၈.၉% |
| 4 | SHWE ME CO., LTD | ၁၃၇/ ၁၉၉၅-၁၉၉၆ | ၈.၀% |
| 5 | GOOD BROTHERS CO., LTD | ၂၀၂/ ၁၉၉၁-၁၉၉၂ | ၅.၆% |

| | | | |
|---|---|---|---|
| 6 | MINISTRY OF COMMERCE(MINISTER'S OFFICE) | | ၄.၆% |
| 7 | GOOD BROTHER MACHINERIES CO., LTD | ၄၂၇ / ၁၉၉၈ - ၁၉၉၉ | ၄.၁% |
| 8 | JDS CO., LTD | ၆၁၁ / ၁၉၉၈ - ၁၉၉၉ | ၄.၁% |
| 9 | PAC LINK TRADING LTD | ၅၉၇ / ၁၉၉၈ - ၁၉၉၉ | ၄.၁% |
| 10 | STAR UNION INVESTMENT LTD | ၇၀၉ / ၂၀၀၄ - ၂၀၀၅ | ၃.၅% |
| 11 | CONSUMER AFFAIRS | | ၂.၈% |
| 12 | FARMER PHOYARZAR CO., LTD | ၉၉၈ / ၁၉၉၉ - ၂၀၀၀ | ၂.၆% |
| 13 | DEPARTMENT OF TRADE | | ၂.၄% |
| 14 | YOUNG INVESTMENT GROUP CO., LTD | ၁၅၆ / ၂၀၀၅ - ၂၀၀၆ | ၂.၁% |
| 15 | VSK INTERNATIONAL CO., LTD | ၆၀၂ / ၁၉၉၈ - ၁၉၉၉ | ၂.၀% |
| 16 | AHTAR OO CO., LTD | ၅၇၈ / ၂၀၀၉ - ၂၀၁၀ | ၀.၆% |
| 17 | PRO 1 (MYANMAR) CO., LTD | ၂၃၃၈ / ၂၀၁၃ - ၂၀၁၄ | ၀.၆% |
| 18 | TUN THAW TAR TRADING CO., LTD | ၁၄၉ / ၁၉၉၈ - ၁၉၉၉ | ၀.၅% |
| 19 | FARMER PHOYARZAR CONSTRUCTION CO., LTD | ၁၃၂၈ / ၂၀၀၄ - ၂၀၀၅ | ၀.၄% |
| 20 | FARMER PHOYARZAR GEMS CO., LTD | ၉၄၁ / ၂၀၀၄ - ၂၀၀၅ | ၀.၄% |
| 21 | FARMER PHOYARZAR MINING CO., LTD | ၁၄၇၁ / ၂၀၀၇ - ၂၀၀၈ | ၀.၄% |

## အမြတ်ငွေနှင့် အမြတ်ခွဲဝေမှု

၁၁


မြန်မာနိုင်ငံသားများဘဏ်ကို တည်ထောင်ခဲ့သည့် ၁၉၉၂-၁၉၉၃ ခုနှစ်မှစ၍နှစ်စဉ် ရရှိလာသည့် အမြတ်ငွေ အပေါ်မူတည်ပြီး၊ နိုင်ငံတော်သို့ ဝင်ငွေခွန်များပေးဆောင်ခြင်းနှင့် အစုရှယ်ယာရှင်များအား သင့်တင့်လျောက်ပတ်သော အမြတ်ဝေစုများခွဲဝေပေးလျက်ရှိခဲ့ရာ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၇)နှစ်တာကာလအတွင်း ရရှိခဲ့သည့်အမြတ်ငွေပမာဏ စုစုပေါင်းကျပ် (၄၇.၆၁) ဘီလျံဖြစ်ပြီးပေးဆောင်ခဲ့သည့် ဝင်ငွေခွန် ကျပ် (၁၁.၄၉) ဘီလျံနှင့် အမြတ်ဝေစုမှာ ကျပ် (၁၅.၆၈) ဘီလျံဖြစ်ပါသည်။ နှစ်အလိုက် အမြတ်ငွေ၊ ဝင်ငွေခွန်နှင့် အမြတ်ဝေစု ပမာဏများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

(ကျပ်သန်းပေါင်း)

| နှစ် | အမြတ်ငွေ ပမာဏ | ပေးဆောင်သည့် ဝင်ငွေခွန် | အမြတ်ဝေစု ( % ) | အမြတ်ဝေစု ပမာဏ |
|---|---|---|---|---|
| ၁၉၉၂-၁၉၉၃ | ၂.၆၆ | ၀.၇၉ | - | - |
| ၁၉၉၃-၁၉၉၄ | ၂၂.၉၇ | ၆.၈၉ | ၁၈% | ၁၁.၉၂ |
| ၁၉၉၄-၁၉၉၅ | ၃၄.၂၀ | ၉.၉၈ | ၂၀% | ၁၅.၆၀ |
| ၁၉၉၅-၁၉၉၆ | ၅၂.၇၀ | ၁၅.၁၈ | ၂၃% | ၂၀.၃၉ |
| ၁၉၉၆-၁၉၉၇ | ၈၂.၉၂ | ၂၃.၆၇ | ၂၅% | ၂၅.၅၀ |
| ၁၉၉၇-၁၉၉၈ | ၁၀၉.၉၅ | ၃၂.၉၈ | ၂၅% | ၂၇.၅၀ |
| ၁၉၉၈-၁၉၉၉ | ၁၂၆.၉၀ | ၃၈.၅၀ | ၂၅% | ၂၇.၅၀ |
| ၁၉၉၉-၂၀၀၀ | ၈၆.၁၃ | ၂၇.၅၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၀-၂၀၀၁ | ၁၀၈.၅၆ | ၃၄.၀၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၁-၂၀၀၂ | ၉၂.၀၃ | ၂၉.၀၀ | ၂၅% | ၂၇.၅၀ |
| ၂၀၀၂-၂၀၀၃ | ၁၀၆.၂၀ | ၃၃.၀၀ | ၂၅% | ၃၃.၇၅ |
| ၂၀၀၃-၂၀၀၄ | ၁၄၄.၀၀ | ၄၄.၀၀ | ၂၅% | ၄၀.၀၀ |
| ၂၀၀၄-၂၀၀၅ | ၈၅.၂၃ | ၂၆.၅၀ | ၂၀% | ၄၀.၀၀ |
| ၂၀၀၅-၂၀၀၆ | ၁၅၆.၃၀ | ၄၆.၅၀ | ၂၅% | ၅၅.၀၀ |
| ၂၀၀၆-၂၀၀၇ | ၂၂၂.၇၂ | ၆၈.၀၀ | ၂၅% | ၈၀.၇၆ |
| ၂၀၀၇-၂၀၀၈ | ၃၀၁.၀၁ | ၉၀.၅၀ | ၂၂% | ၁၄၀.၅၅ |
| ၂၀၀၈-၂၀၀၉ | ၅၁၈.၃၄ | ၁၅၇.၅၀ | ၂၅% | ၂၂၀.၅၁ |
| ၂၀၀၉-၂၀၁၀ | ၇၀၇.၄၄ | ၂၁၀.၀၀ | ၁၆% | ၃၂၄.၆၂ |
| ၂၀၁၀-၂၀၁၁ | ၁၀၉၅.၉၄ | ၃၁၅.၀၀ | ၁၇% | ၅၅၆.၁၈ |
| ၂၀၁၁-၂၀၁၂ | ၁၄၅၆.၄၉ | ၃၉၀.၀၀ | ၁၃% | ၆၂၂.၀၁ |
| ၂၀၁၂-၂၀၁၃ | ၂၃၉၉.၃၀ | ၅၉၄.၆၀ | ၁၃% , ၁.၂% | ၉၅၄.၈၁ |
| ၂၀၁၃-၂၀၁၄ | ၃၃၅၀.၅၈ | ၈၃၇.၆၄ | ၁၃% , ၇.၇၅% | ၁၅၃၆.၅၅ |
| ၂၀၁၄-၂၀၁၅ | ၅၁၀၇.၀၇ | ၁၂၈၁.၄၀ | ၁၃% , ၉%, ၂.၈% | ၂၂၆၉.၉၃ |
| ၂၀၁၅-၂၀၁၆ | ၇၀၉၅.၆၅ | ၁၇၇၃.၈၂ | ၁၃% , ၈.၃% | ၃၃၉၇.၃၈ |
| ၂၀၁၆-၂၀၁၇ | ၇၈၁၇.၆၄ | ၁၉၅၄.၃၈ | ၆% | ၃၁၂၀.၃၀ |
| ၂၀၁၇-၂၀၁၈ | ၃၉၅၈.၁၀ | ၇၈၆.၇၃ | ၄% | ၂၀၈၀. ၂၀ |
| ၂၀၁၈ - ၆လ | ၄၉၆၁.၂၄ | ၁၁၅၆.၁၉ | - | - |
| ၂၀၁၈ - ၂၀၁၉ | ၄၃၀၃.၉၉ | ၈၈၄.၄ | ၈% | ၄၁၆၀.၃၉ |
| စုစုပေါင်း | ၄၇၆၀၇.၉၁ | ၁၁၄၈၉.၀၅ | | ၁၉၈၄၄.၇၈ |


အမြတ်ငွေ

Profit Before Tax (MMK in Million)




အမြတ်ငွေစု


Divided Paid - out (MMK in Million)




၁၂ ဖော်ပြပါအတိုင်း တစ်နှစ်ထက်တစ်နှစ် ဝင်ငွေများတိုးတက်လာခဲ့သဖြင့် နိုင်ငံတော်သို့ အခွန်ငွေများလည်း တစ်နှစ်ထက် တစ်နှစ်တိုး၍ထည့်ဝင်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈အတွက် စည်းကြပ်သော ဘဏ္ဍာနှစ်တွင် အခွန် အများဆုံးပေးဆောင်သော အခွန်ထမ်း(၅၀)စာရင်းတွင် အဆင့် (၃၂)နေရာတွင်ရှိခဲ့ပြီး၊ ဘဏ်များ၏ အခွန်အများဆုံးပေးဆောင်သော စာရင်းတွင် အဆင့် (၉) နေရာရှိခဲ့ပါသည်။

ဝင်ငွေခွန်

Income Tax Exp.(MMK in Million)




## ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများအလိုက် တိုးတက်ရရှိမှု

၁၃ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့ အစည်းများ ဥပဒေများနှင့်အညီ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသားများဘဏ်၏ လုပ်ငန်းများကဏ္ဍအားလုံးတွင် အောက်ပါအတိုင်း တိုးတက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။


မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

(ကျပ်သန်းပေါင်း)


| အကြောင်းအရာ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ |
|---|---|---|---|---|---|---|
| စာရင်းရှင်အပ်ငွေ | ၂၀၁၅၇ | ၂၀၆၃၃ | ၃၃၅၀၂ | ၂၁၁၃၁ | ၂၃၇၅၅ | ၃၈၃၄၈.၇၂ |
| ငွေစုဘဏ်အပ်ငွေ | ၄၁၉၇၀ | ၅၁၁၉၆ | ၅၄၆၅၇ | ၆၆၈၉၄ | ၆၆၅၃၄ | ၁၆၀၂၆၃.၂၈ |
| အချိန်ပိုင်းအပ်ငွေ | ၁၄၈၂၁ | ၃၀၂၉၇ | ၄၆၇၇၄ | ၆၂၆၄၃ | ၁၁၂၅၄၅ | ၁၉၃၈၁၈.၇၄ |
| ခေါ်ယူအပ်ငွေ | - | ၁၀၅၃ | ၉၄၃၇ | ၁၃၃၀၃ | ၁၇၃၁၉ | ၂၃၇၅၇.၀၇ |
| စုစုပေါင်းအပ်ငွေ | ၇၆၉၄၈ | ၁၀၃၁၇၉ | ၁၄၄၃၇၀ | ၁၆၃၉၇၁ | ၂၂၀၁၅၃ | ၄၁၆၁၈၇.၈၂ |
| ချေးငွေ | ၆၀၈၄၈ | ၈၇၁၁၆ | ၁၁၅၂၇၆ | ၁၅၉၇၁၈ | ၁၈၈၂၅၃ | ၃၁၅၇၇၁.၄၂ |
| ရင်းနှီးမြှုပ်နှံမှု | ၁၈၇၈၈ | ၃၁၆၂၁ | ၅၀၈၅၂ | ၄၇၄၉၁ | ၅၇၅၁၁ | ၆၂၅၄၈.၅၅ |
| ငွေပေးအမိန့်လက်မှတ် | ၂၃၀၇၇ | ၅၉၃၄၄ | ၆၉၀၁၇ | ၉၀၂၆၄ | ၇၂၄၅၇ | ၄၄၆၄.၅၃ |
| ပြည်တွင်းငွေလွှဲ | ၁၀၈၂၃၃ | ၁၇၀၂၆၆ | ၂၁၉၁၄၀ | ၂၆၇၆၃၅ | ၂၉၁၈၄၂ | ၃၁၄၈၉၄.၉၀ |

## ပြည်တွင်းဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ


### အပ်ငွေစုစုပေါင်း
### Total Deposits (MMK in Million)





### ချေးငွေစုစုပေါင်း
### Total Deposits & Loans (MMK in Million)




### ငွေလွှဲစုစုပေါင်း
### Domestic Remittance (MMK in Million)




### ရင်းနှီးမြှုပ်နှံမှု
### Investments (MMK in Million)



# နိုင်ငံတကာဘဏ်လုပ်ငန်းဝန်ဆောင်မှုများ

**၁၄** မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ၁၉၉၄ မှ ၁၉၉၈ အထိနိုင်ငံခြားငွေဘဏ်လုပ်ငန်းကိုဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ မူဝါဒအရ ၁၉၉၈ ခုနှစ်တွင် ရပ်နားခဲ့ပါသည်။

**၁၅** ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတော်မှ နိုင်ငံခြားငွေရောင်းဝယ်နိုင်သည့် Money Changer License များခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံသားများဘဏ်မှလည်း နိုင်ငံခြားငွေရောင်းဝယ်သည့် Money Changer License ဖြင့် အောက်ပါအတိုင်း Money Changer Counter များအဖြစ် ဖွင့်လှစ်ခဲ့ပါသည်။

| နေရာ | ဖွင့်လှစ်သည့်နေ့ |
|---|---|
| (၁) နေပြည်တော်ဘဏ်ခွဲ | ၂၂-၀၆-၂၀၁၁ |
| (၂) ကျောက်တံတားဘဏ်ခွဲ(ရန်ကုန်) | ၁၄-၁၀-၂၀၁၁ |
| (၃) မူဆယ်(၁၀၅မိုင်)ဘဏ်ခွဲ | ၀၆-၁၂-၂၀၁၁ |
| (၄) မန္တလေးဘဏ်ခွဲ(၁) | ၁၄-၀၉-၂၀၁၂ |
| (၅) ဒေါပုံဘဏ်ခွဲ | ၀၇-၀၅-၂၀၁၄ |
| (၆) မြိတ်ဘဏ်ခွဲ | ၂၃-၁၁-၂၀၁၇ |
| (၇) ဘုရင့်နောင်ဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၈) မြင်းခြံဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၉) ပုသိမ်ဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၀) စစ်တွေဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၁) အောင်လံဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၂) မန္တလေးဘဏ်ခွဲ(၂) | ၀၂-၀၁-၂၀၁၈ |

| နေရာ | ဖွင့်လှစ်သည့်နေ့ |
|---|---|
| (၁၃) လသာဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၄) မုံရွာဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၅) ပုဇွန်တောင်ဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၆) တန့်ဆည်ဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၇) ပန်းဘဲတန်းဘဏ်ခွဲငယ် | ၀၂-၀၁-၂၀၁၈ |
| (၁၈) မြောက်ဥက္ကလာပဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၁၉) ပြည်ဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၂၀) မန္တလေးဘဏ်ခွဲ(၃) | ၀၂-၀၁-၂၀၁၈ |
| (၂၁) ဘုရင့်နောင်ဘဏ်ခွဲငယ် | ၀၂-၀၁-၂၀၁၈ |
| (၂၂) ရေစကြိုဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၂၃) လားရှိုးဘဏ်ခွဲ | ၀၂-၀၁-၂၀၁၈ |
| (၂၄) ပဲခူးဘဏ်ခွဲ | ၀၇-၀၅-၂၀၁၈ |

# နိုင်ငံခြားငွေလုပ်ငန်းဆောင်ရွက်ခြင်း

၁၆ ထပ်မံ၍ ဗဟိုဘဏ်မှပြည်ပနိုင်ငံများနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် Authorized Dealer License ကို လျှောက်ထားခဲ့ရာ ၁၇-၈-၂၀၁၂ ရက်နေ့တွင်ပင် A.D License ကိုထပ်မံရရှိခဲ့ပါသည်။ ယခုအခါ နိုင်ငံခြားဘဏ်များနှင့် ဆက်သွယ်ရာတွင် လွယ်ကူချောမွေ့ပြီး ပိုမိုလုံခြုံ စိတ်ချ ရမှုရှိစေရန် SWIFT (Society for Worldwide Inter Bank Financial Telecommunication) ကို ၅-၁-၂၀၁၃ ရက်နေ့တွင် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ United Oversea Bank (UOB),Overesea Chinese Banking Corporation (OCBC Bank), DBS Bank United Bank of India, Malayan Banking Berhad (May Bank), ICBC, Krung Thai Bank, Siam Commercial Bank, Kasikorn Bank, Bangkok Bank, BIDV တို့နှင့် Correspondent Bank အဖြစ်ဆောင်ရွက်ခဲ့ပြီး ငွေစာရင်းများဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်း Correspondent Bank များ နှင့် ဘဏ်၏ Customer များသို့ နိုင်ငံခြားငွေဖြင့်ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ်တိုး၍ အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။

1 နိုင်ငံခြားငွေဖြင့် စာရင်းရှင်စာရင်းများ ဖွင့်လှစ်ခြင်း၊

2 နိုင်ငံခြားငွေဖြင့် ငွေသွင်းငွေထုတ်ဆောင်ရွက်ပေးခြင်း၊

3 ပြည်တွင်းပြည်ပ Account Transfer လုပ်ငန်းများ၊

4 Exporters / Importers များအတွက် နိုင်ငံခြားငွေရောင်းဝယ်ခြင်းလုပ်ငန်းများ။

# နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်း

၁၇ နိုင်ငံခြားငွေဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေရရှိမှု အခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်တင်ပြ အပ်ပါသည်။

| စဉ် | အကြောင်းအရာ | (ကျပ်သန်းပေါင်း) ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ |
|---|---|---|---|
| (က) | Money Transfer Service | ၁၈.၁၆ | ၂၈.၉၉ |
| (ခ) | Payment Order FC | ၀.၄၄ | ၀.၅၂ |
| (ဂ) | Account Transfer | ၁၁.၇၇ | ၃၂.၅၃ |

# နိုင်ငံတကာငွေလွှဲလုပ်ငန်းများ

**၁၈** ပြည်ပရောက် အလုပ်သမားများ၊ ဝန်ထမ်းများ အလွယ်တကူ မြန်မာနိုင်ငံသို့ ပြည်ပမှ ငွေလွှဲ များဝင်ရောက်နိုင်သည့် ငွေလွှဲများမှာ Money Gram, International Money Express (IME/ RIA), Merchant Trade တို့အပြင် International Global Currency, Transfer To Mobile Financial Service, Queen Bee Capital တို့နှင့်လည်း ငွေလွှဲ လုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းအတွက် ဒေါ်လာများစွာရရှိခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | (ဒေါ်လာသန်းပေါင်း) | |
|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ |
| (က) | Money Gram | ၁.၁၁ | ၁.၂၆ |
| (ခ) | IME/RIA | ၀.၆၉ | ၁.၁၉ |
| (ဂ) | Merchant Trade | ၀.၀၆ | ၀.၄၂ |
| (ဃ) | International Global Currency | ၃၈.၇၇ | ၃၈.၃၀ |
| (င) | Transfer To Mobile Financial Services | - | ၇.၂၂ |
| (စ) | Queen Bee Capital | - | ၀.၁၀ |

# နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးခြင်း

**၁၉** မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် နိုင်ငံတကာကုန်သွယ်ရေး (International Trade) ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

1 သွင်းကုန်ငွေလွှဲစာတမ်းဖွင့်လှစ်ပေးခြင်း

2 သွင်းကုန်ဘီလ်တန်ဖိုးပေးချေခြင်း

3 သွင်းကုန်အတွက် ငွေလွှဲပေးပို့ခြင်း

4 ပို့ကုန်ငွေလွှဲစာတမ်းအကြောင်းကြားပေးခြင်း

5 ပို့ကုန်ဘီလ်များ လက်ခံဆောင်ရွက်ခြင်း

6 ပို့ကုန်ငွေလွှဲစာတမ်းအတွက်ငွေတောင်းခံပေးခြင်း၊

7 ပို့ကုန်ရငွေများလက်ခံပေးခြင်း

8 နိုင်ငံခြားငွေဖြင့် ဘဏ်အာမခံများ ဆောင်ရွက်ပေးခြင်း

9 Non-Trade Payment (Outward Remittance) အတွက် ငွေပေးချေမှုများ ဆောင်ရွက်ပေးခြင်း

10 Trade Facility များပံ့ပိုးပေးခြင်း

၂၀ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ International Trade ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေရရှိမှု အခြေအနေများအား အောက်ပါအတိုင်း နှိုင်းယှဉ်တင်ပြ အပ်ပါသည်။

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | တိုးတက်မှုအခြေအနေ |
|---|---|---|---|---|
| (က) | သွင်းကုန်လုပ်ငန်း | ၁၉၇.၂၁ | ၃၂၃.၁၄ | (+)၁၂၅.၉၃ |
| (ခ) | ပို့ကုန်လုပ်ငန်း | ၁.၁၄ | ၆.၈၃ | (+)၅.၆၉ |
| (ဂ) | ဘဏ်အာမခံလုပ်ငန်း(FC) | ၁၅.၀၅ | ၈၈.၀၁ | (+)၇၂.၉၆ |
| (ဃ) | Non-Trade Payment (Outward Remittance) | ၇.၀၆ | ၁၄.၃၅ | (+)၇.၂၉ |
| | စုစုပေါင်း | ၂၂၀.၄၆ | ၄၃၂.၃၃ | (+)၂၁၁.၈၇ |

၂၁ Trade Finance Department အနေဖြင့် ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်/သွင်းကုန် လုပ်ငန်းများနှင့် Bank Guarantee လုပ်ငန်းများဆောင်ရွက်ပေးရာတွင် Financing များတစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ပံ့ပိုးပေးနိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## International Card Program

၂၂ ပြည်ပရောက်မြန်မာနိုင်ငံသားများ နိုင်ငံခြားရှိစားသောက်ဆိုင်များ ၊ Supermarkets များ၊ Hotels များတွင် MasterCard ကိုအသုံးပြု၍ ငွေပေးချေခြင်း၊ Hotel Booking ပြုလုပ်ခြင်း ၊ Flight booking ပြုလုပ်ခြင်း ၊ Online မှ ဈေးဝယ်ခြင်းများ ပြုလုပ်နိုင်ရန် မြန်မာနိုင်ငံသားများဘဏ်မှ CitizenMasterCard ကိုထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံသားများဘဏ်သည် MasterCard Prepaid Card ပေါင်း 1,934 ကတ်အားထုတ်လုပ်နိုင်ခဲ့ပြီးယခင်နှစ် ထက် 26 % ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

၂၃ ဆက်လက်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် MPU JCB Card/ Visa Prepaid Card/ Visa Credit Card များကိုလည်း ၂၀၂၀ ခုနှစ်အတွင်းတွင် ထပ်မံတိုးချဲ့ ထုတ်ဝေနိုင်ရန်လည်း စီစဉ်လျက်ရှိပါသည်။

## Myanmar Payment Union (MPU)

၂၄ မြန်မာနိုင်ငံသားများဘဏ်သည် Myanmar Payment Union (MPU) ၏ အဖွဲ့ဝင်ဘဏ်ဖြစ်သည့်အတွက် MPU ၏ ရည်ရွယ်ချက်များဖြစ်သောငွေသားကိုင်ဆောင်မှုလျော့ချနိုင်ရေး ၊ အဖွဲ့ဝင်ဘဏ်အချင်းချင်း ဘဏ်ဝန်ဆောင်မှုများ ပိုမိုတိုးတက်လာစေရေး ၊ ငွေပေးချေမှုစနစ်တိုးတက်မြင့်မားစေရေး၊ ပြည်တွင်းဘဏ်များအား နိုင်ငံတကာကွန်ယက်နှင့် အသုံးပြုနိုင်ရေး နှင့် နိုင်ငံတကာကဒ်များ ပြည်တွင်းတွင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းတို့တွင် အဖွဲ့ဝင်ဘဏ်များနှင့် အတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့၏ ATM Card များကို MPU စနစ်ချိတ်ဆက်ထားသည့်အဖွဲ့ဝင်ဘဏ်များ၏ ATM စက်များတွင်ငွေသားထုတ်ယူခြင်း ၊ ငွေလက်ကျန်ကြည့်ရှုစစ်ဆေးနိုင်ခြင်းစသည့်ဝန်ဆောင်မှုများအား ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံသားများဘဏ်သည် MPU Debit Card စုစုပေါင်း 22,266 ကတ်အားထုတ်လုပ်နိုင်ခဲ့ပြီး ATMအလုံးရေစုစုပေါင်း (43) လုံးအားတပ်ဆင်ထား၍ ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

၂၅ မြန်မာနိုင်ငံသားများဘဏ်လီမိတက်အနေဖြင့် Customer များပိုမိုအဆင်ပြေချောမွေ့စွာ ATM များတွင် 24/7 ငွေထုတ်ပေးရန်အတွက် ATM များအဆင့်မြှင့်တင်ခြင်း ၊ GRG Switch မှ Card Zone Switch သို့အဆင့်မြှင့်တင်ရွှေ့ပြောင်းခြင်း၊ ATM account မှ CBS saving account (T-24) သို့ ရွှေ့ပြောင်းပေါင်းစည်းခြင်း နှင့် MPU New Switch သို့ချိတ်ဆက်ခြင်းများအား ၂၀၁၉ခုနှစ် ၊နိုဝင်ဘာလ (၁၆)ရက်တွင် အောင်မြင်စွာရွှေ့ပြောင်းခဲ့ပြီးဖြစ်ပါသည်။

ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းများအနေဖြင့် ဘဏ်ငွေသွင်းကောင်တာများတွင် ATM account သို့စောင့်ဆိုင်းငွေသွင်းရခြင်းမှလျော့နည်းစေရန်အတွက် Cash Recycling Machine(CRM) စက်များအားတပ်ဆင်ရန်ဆောင်ရွက်လျက်ရှိပြီး JCB Co Brand Card များထုတ်ဝေနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

## E-payment စနစ် စတင်ဆောင်ရွက်ခြင်း

၂၆ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ သွင်းကုန်လိုင်စင်ကြေးများ ပေးသွင်းရာတွင်လုပ်ငန်းပိုမိုအဆင်ပြေပြီး နေပြည်တော်သို့ငွေများ သယ်ယူသွားရခြင်းမရှိဘဲ ငွေကြေးလုံခြုံမှု ရှိစေရန် သွင်းကုန်လိုင်စင်ကြေးပေးသွင်းရမည့်ငွေကို  မြန်မာနိုင်ငံသားများဘဏ် လီမိတက်၌ကြိုတင်ပေးသွင်း၍ ယင်းစာရင်းမှ Online ဖြင့်နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သွင်းကုန်လိုင်စင်ကြေးရယူသည့် E-payment စနစ်ကို ၁.၉.၂၀၁၇ ရက်နေ့ မှစတင်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းတိုးတက်မှုမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | စာရင်းဖွင့် ဦးရေ | သွင်းကုန်လိုင်စင် ဦးရေ | ဝန်ကြီးရုံးသို့ ပေးသွင်းငွေ | ဘဏ်ဝန်ဆောင် စရိတ် |
|---|---|---|---|---|
| ၂၀၀၇-၂၀၀၈ | ၂၂၄၉ | ၁၆၈၁၀ | ၁၉၉.၅၈၅ | ၀.၅၃၈ |
| ၂၀၀၈-၂၀၀၉ | ၇၉၈ | ၃၇၀၂၂ | ၄၂၂.၄၁၁ | ၃.၆၄၉ |
| ၂၀၀၉-၂၀၁၀ | ၇၃၁ | ၄၅၀၇၉ | ၅၂၀.၉၁၀ | ၄.၅၀၈ |
| ၂၀၁၀-၂၀၁၁ | ၇၁၁ | ၅၈၃၉၁ | ၆၄၇.၇၉၉ | ၂၁.၈၅၉ |
| ၂၀၁၁-၂၀၁၂ | ၅၅၉၀ | ၆၆၆၄၀ | ၈၁၂.၈၈၂ | ၃၃.၃၃၀ |
| ၂၀၁၂-၂၀၁၃ | ၇၂၀၄ | ၇၇၄၇၉ | ၃၂၇၇.၉၄၀ | ၃၈.၇၄ |
| ၂၀၁၂-၂၀၁၃ | ၉၀၂၆ | ၂၅၅၆၃၁ | ၃၃၄၇.၉၇၀ | ၇၄.၀၃ |
| ၂၀၁၄-၂၀၁၅ | ၁၀၇၃၂ | ၁၇၀၉၆၀ | ၃၈၀၉.၄၅၀ | ၈၅.၄၈ |
| ၂၀၁၅-၂၀၁၆ | ၁၂၉၅၂ | ၁၈၂၈၃၂ | ၄၁၇၀.၀၄၀ | ၉၁.၄၂ |
| ၂၀၁၆-၂၀၁၇ | ၁၅၃၀၂ | ၂၂၀၃၇၈ | ၄၉၂၁.၁၈၈ | ၁၁၀.၁၉ |
| ၂၀၁၇-၂၀၁၈ | ၁၇၃၀၄ | ၂၆၅၉၆၈ | ၅၅၃၆.၂၀၀ | ၁၃၂.၈၄ |
| ၂၀၁၈-၂၀၁၉ | ၁၇၉၅၃ | ၁၁၂၄၀၉ | ၂၅၅၅.၂၆၉ | ၆၆.၉၉ |

# ချေးငွေလုပ်ငန်း

၂၇ မြန်မာနိုင်ငံသားများဘဏ်တွင် ချေးငွေလုပ်ငန်းသည် အဓိကဝင်ငွေရှာဖွေသော လုပ်ငန်းဖြစ်ပါသည်။ ချေးငွေလုပ်ငန်းတွင် Corporate Loan, JICA (TSL) Loan, Large SME Loan, Medium SME Loan, Small SME Loan, Hire Purchase Product, Retail Product (Home Loan), Unsecured Loan စသည့် product များကို ထုတ်လုပ်၍ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ တိုင်းပြည်တွင်းရှိ တိုင်းရင်းသားပြည်သူလူထု အပေါင်းတို့၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် ဘဏ္ဍာငွေအထောက်အပံ့ပေးခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး ဆုံးရှုံးနိုင်မှု မရှိစေရန် အတွက် Board Credit Committee ဖွဲ့စည်း၍ အဆင့်ဆင့်စီစစ်ပြီး ချေးငွေများထုတ်ချေးပေးလျက် ရှိပါသည်။ ထိုသို့ထုတ်ချေးရာတွင် ဆုံးရှုံးနိုင်ခြေရှိမှုကိုအဓိကထားစဉ်းစားပြီး ဆုံးရှုံးနိုင်ခြေ အန္တရာယ်များမှကာကွယ်နိုင်ရန် တိုင်းပြည်စီးပွားရေး အခြေအနေပြောင်းလဲမှုအပေါ် စဉ်ဆက်မပြတ်စောင့်ကြည့်၍ ချေးငွေမူဝါဒအသစ်များကိုရေးဆွဲပြီး ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ကော်မတီ (Risk Management Committee) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေး ကော်မတီ(Assets & Liability Committee) ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


၂၈ မြန်မာနိုင်ငံသားများဘဏ် ချေးငွေဌာနမှ (၃၁.၉.၂၀၁၉)နေ့အထိ တိုင်းရင်းသားလုပ်ငန်း ရှင် (၇၆၇)ဦးသို့ ချေးငွေပမာဏကျပ်(၁၂၅)ဘီလီယံ၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားလုပ်ငန်းရှင်များအားအတိုးနှုန်းသက်သာစွာဖြင့်မတည်ရင်းနှီးငွေ(Capital Investment) များအတွက် အဓိကထားထုတ်ချေးပေးသော JICA(TSL) ချေးငွေ များကို ဘဏ်ခွဲအင်အားကို ခြေကုပ်ရယူ၍လည်းကောင်း၊ ဘဏ်ခွဲမရှိသေးသော ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ကွင်းဆင်း၍ သတ်မှတ်ချက်ဖြင့်ကိုက်ညီသောလုပ်ငန်းရှင်များအား(၃၁.၉.၂၀၁၉) နေ့ထိ(၈၉)ဦးသို့ ချေးငွေပမာဏ ကျပ်(၂၁.၅၈)ဘီလီယံ ထုတ်ချေးခဲ့ပြီး ဖြစ်ပါသည်။

၂၉ မြန်မာနိုင်ငံသားများဘဏ်မှ မြန်မာနိုင်ငံအတွင်းရှိ တောင်သူများအား လယ်ယာသုံးစက်ပစ္စည်းများ ရောင်းချသည့် Dealer များနှင့်ချိတ်ဆက်ပြီး လယ်ယာသုံးစက်ပစ္စည်းများဖြစ်သည့် လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့ စက်များကို အငှားဝယ်စနစ်ဖြစ် ရောင်းချပေးခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အစိုးရ ဝန်ထမ်းများ၊ အဖွဲ့စည်းအသီးသီးမှ အရာထမ်းများ၊ အမှုထမ်းများအား လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်ရည်ရွယ်၍ တိုက်ခန်းများ၊ စီးပွားရေးလုပ်ငန်းသုံးကားများ၊ အိမ်စီးကားများကို အငှားဝယ် စနစ်ဖြင့်ရောင်းချပေးခြင်း၊ တိုင်းရင်းသားပြည်သူအားလုံး အချိန်နှင့်တပြေးညီဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် Mobile ဖုန်းများရောင်းချပေးခြင်းအစရှိသည့် အငှားဝယ်စနစ် လုပ်ငန်းများကို ယခင်နှစ်များထက် ပိုမိုတိုးချဲ့ဆောင်ရွက်ခဲ့ရာ (၃၁.၉.၂၀၁၉)နေ့ထိ အငှားဝယ်စနစ်ဖြင့် ပစ္စည်းဝယ်ယူသူ (၂၅,၂၃၈) ဦးသို့ချေးငွေ ပမာဏ (၁၆၆) ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

၃၀ မြန်မာနိုင်ငံသားများဘဏ်မှ တောင်သူများအား လယ်ယာကဏ္ဍ ဖွံ့ ဖြိုးရေးအတွက် လယ်ယာသုံး စက်ပစ္စည်းများကို အငှားဝယ်စနစ်ဖြင့် ရောင်းချပေးသည့်အပြင် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေး သုံးဆေးပစ္စည်းအမျိုးမျိုးကို SME Finance စနစ်ဖြင့် နှစ်စဉ်ရာသီချိန်အလိုက် ထုတ်ချေးပေးလျက်ရှိပါသည်။

၃၁ ၎င်းတို့အပြင် ဝန်ထမ်းချေးငွေလုပ်ငန်းများကို အစိုးရဝန်ကြီးဌာန (၂၅)ခု လက်အောက်ရှိ အစိုးရ ဝန်ထမ်း (၈,၇၆၉)ဦးသို့ ကျပ်(၄)ဘီလီယံ ထုတ်ချေးထားပြီးဖြစ်ပါသည်။




## လူ့စွမ်းအား အရင်းအမြစ်ဖွံ့ ဖြိုးမှု ဆောင်ရွက်ခြင်း

၃၂ မြန်မာနိုင်ငံသားများဘဏ်သည် ဘဏ်လုပ်ငန်းစဉ်များအားအရှိန်အဟုန်ဖြင့် တိုးတက်လုပ်ဆောင်နေ သည့်အပြင် အဓိကအခန်းကဏ္ဍများဖြစ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းကိုလည်းအလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန်အတွက် ဝန်ထမ်းများ၏ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုအပိုင်းများကို အထူးအလေးထားလေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။ ဘဏ်ဝန်ထမ်းများအတွက် မရှိမဖြစ်အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပို့ချပေးနေသည့် အခြေခံဘဏ်လုပ်ငန်းသင်တန်းကို တစ်နိုင်ငံလုံးရှိ ဘဏ်ဝန်ထမ်းများအတွက် စဉ်ဆက်မပြတ်သင်ကြားပို့ချပေးလျက်ရှိပါသည်။ ပြောင်းလဲတိုးတက်လာသောခေတ်နှင့်အညီ ဘဏ်လုပ်ငန်းဆိုင်ရာနည်းပညာသင်တန်းဖြစ်သည့် (core banking system) သင်တန်းကို ဖွင့်လှစ် သင်ကြားပေးသည့်အပြင် လက်တွေ့အသုံးချမှုတွင် လွယ်ကူအဆင်ပြေမှုရှိစေရန် သက်ဆိုင်ရာနည်းပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများ၊ မြန်မာနိုင်ငံသားများဘဏ်၏ထုတ်ကုန်နှင့်ဝန်ဆောင်မှု သင်တန်းများ၊ ရုံးလုပ်ငန်းသုံးကွန်ပျူတာဘာသာရပ်သင်တန်းများ၊ ရုံးသုံးအင်္ဂလိပ်စာ မွမ်းမံသင်တန်းများ၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများကို စဉ်ဆက်မပြတ်သင်ကြားပို့ချပေးလျက် ရှိပါသည်။ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များကိုဖိတ်ခေါ်၍ ဘဏ်ခွဲစီမံအုပ်ချုပ်မှုသင်တန်းကိုလည်းသက်ဆိုင်ရာ ဘဏ်ခွဲတာဝန်ခံများကို သင်ကြားပို့ချပေးလျက်ရှိပါသည်။ နိုင်ငံတကာနှင့် ပြည်တွင်းတွင်ဖြစ်ပေါ်နေသည့်အပြောင်းအလဲများကိုအချိန်နှင့်တပြေးညီ အသိပညာများရရှိစေရန် အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကိုစေလွှတ်တက်ရောက်စေခြင်းဖြင့်လည်း စာတွေ့လက်တွေ့သင်ခန်းစာများရရှိစေရန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ်အတွင်း ဘဏ်ခွဲများ တိုးတက်ဖွင့်လှစ်ခြင်းဖြင့်အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

## ဖွံ့ဖြိုးမှု မွမ်းမံသင်တန်းများ

| သင်တန်းအမျိုးအစား | သင်တန်းအကြိမ်ရေ | စုစုပေါင်း တက်ရောက်ပြီးဦးရေ |
|---|---|---|
| အခြေခံဘဏ်လုပ်ငန်းသင်တန်း | ၁၀ | ၁၇၅ |
| **သင်တန်းအမျိုးအစား** | **သင်တန်းအကြိမ်ရေ** | **စုစုပေါင်း တက်ရောက်ပြီးဦးရေ** |
| Risk Management သင်တန်း | ၅ | ၁၄၀ |
| ဘဏ်ခွဲစီမံမှုသင်တန်း | ၂ | ၁၄ |
| T24 Core Banking System သင်တန်း | ၂ | ၁၀၀ |
| Hire Purchase သင်တန်း | ၂ | ၄၇ |
| Home Loan သင်တန်း | ၁ | ၄၈ |
| သဘာဝ (Green Financing) သင်တန်း | ၄ | ၃၆ |
| အခြား | | ၅၄၄ |

## Yangon Stock Exchange တွင် Share ရောင်းဝယ်မှုအခြေအနေ

၃၃

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် (၂၆.၈.၂၀၁၆)ရက်နေ့တွင် Yangon Stock Exchange တွင် Listed Company အဖြစ် ဘဏ်၏ အစုရှယ်ယာများကို စာရင်းတင် ရောင်းချခွင့်ရရှိခဲ့သော ပထမဆုံးသော ဘဏ်ဖြစ်ပါသည်။ ဈေးကွက်စတင်ဖွင့်လှစ်သည့်နေ့တွင် အခြေခံသတ်မှတ်ဈေးမှာ (၆,၈၀၀/-) ကျပ် သတ်မှတ်ခဲ့သော်လည်း ပေါက်ဈေးမှာ (၇,၈၀၀/-)ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အမြင့်ဆုံးရှယ်ယာဈေးနှုန်း (၁၃,၅၀၀/-)ကျပ် အထိ မြင့်တက်ခဲ့ပါသည်။ အရောင်းအဝယ် ပမာဏအားဖြင့် (၂၆.၈.၂၀၁၆)ရက် နေ့မှ (၃၁.၁၀.၂၀၁၉)ရက်နေ့အထိ စုစုပေါင်း ရှယ်ယာအစုရေ(၁,၀၁၄,၈၆၅)စုနှင့် တန်ဘိုးကျပ် (၈,၂၂၉)သန်းအထိ အရောင်းအဝယ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။
လက်ရှိအရောင်းအဝယ်ဖြစ်နေ သောဈေးမှာ ရှယ်ယာတစ်စုလျှင်ကျပ်(၈,၄၀၀/-)ဝန်းကျင်ခန့်ဖြစ်ပါသည်။


# ငွေကြေးခိုင်မာမှုအခြေအနေ

**၃၄** မြန်မာနိုင်ငံသားများဘဏ်၏ အောက်ဖော်ပြပါငွေကြေးအချိုးများသည် ဘဏ်၏ငွေကြေးအခြေအနေ ခိုင်မာမှုရှိကြောင်းပြသလျက်ရှိပါသည်။

| စဉ် | အကြောင်းအရာ | ဗဟိုဘဏ် သတ်မှတ်နှုန်း | ၃၁.၃.၂၀၁၈ | ၃၀.၉.၂၀၁၈ | ၃၀.၉.၂၀၁၉ |
|---|---|---|---|---|---|
| 1 | Capital Adequacy Ratio-Tier 1 ( မတည်ငွေရင်းလုံလောက်မှု အချိုး) | ၄.၀၀% | ၂၄.၄၃% | ၁၆.၁၁% | ၁၆.၄၇% |
| | -Regulatory Capital | ၈.၀၀% | ၂၅.၆၈% | ၁၇.၃၆% | ၁၈.၈၈% |
| 2 | Liquidity Ratio (ငွေကြေးလွယ်ကူမှု အချိုး) | ၂၀.၀၀% | ၃၃.၆၂% | ၃၈.၅၉% | ၃၅.၃၈% |
| 3 | Reserve Requirement (သီးသန့်ငွေလိုအပ်ချက်) | ၅.၀၀% | ပြည့်မီရန်-(၇၃၇၇)သန်း<br>ထားရှိငွေ-(၁၃၁၄၂)သန်း | ပြည့်မီရန်-(၈၇၀၀)သန်း<br>ထားရှိငွေ-(၂၀၄၂၆)သန်း | ပြည့်မီရန်-(၁၆၈၇၈)သန်း<br>ထားရှိငွေ-(၂၇၃၄၁)သန်း |
| 4 | Non- Performing Loan Ratio | | ၄.၉၁% | ၇.၃၂% | ၄.၉၁% |

ဘဏ်၏ ROA,ROE, Operation Ratio နှင့် Earning Per Share များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။


| စဉ် | အကြောင်းအရာ | ၃၁.၃.၂၀၁၈ | ၃၀.၉.၂၀၁၈ | ၃၀.၉.၂၀၁၉ |
|---|---|---|---|---|
| 1 | Return on Average Assets-ROA (ပိုင်ဆိုင်မှုအပေါ် အကျိုးအမြတ်) | ၁.၀၅% | ၁.၃၂% | ၁.၁၅% |
| 2 | Return on Average Equity-ROE (အရင်းအနှီးပေါ် အကျိုးအမြတ်) | ၅.၇၀% | ၅.၅၆% | ၅.၆၄% |
| 3 | Cost Income Ratio (ဝင်ငွေနှင့်အသုံးစရိတ်အချိုး) | ၆၉.၉၇% | ၅၄.၃၄% | ၆၉.၆၂% |
| 4 | Earning Per Share (အစုရှယ်ယာတစ်စုအပေါ် အမြတ်ငွေ ရှာနိုင်မှု-ကျပ်) | ၃၀၅ | ၃၆၆ | ၃၂၉ |



# အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု

အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှု (Shareholder's Equity)မှာ အောက်ပါအတိုင်း တိုးတက်လာပါသည်။

| စဉ် | အကြောင်းအရာ | ၃၁.၃.၂၀၁၈ | ၃၀.၉.၂၀၁၈ | ၃၀.၉.၂၀၁၉ |
|---|---|---|---|---|
| 1 | Share Capital and Premium (ထည့်ဝင်ပြီးမတည်ငွေရင်းနှင့်အပိုကြေး) | ၅၇၁၂၄.၆၆ | ၅၇၁၂၄.၆၆ | ၅၇၁၂၄.၆၆ |
| 2 | Reserve Fund (ဥပဒေပြဌာန်းသီးသန့်ရန်ပုံငွေ) | ၆၅၈၁.၅ | ၇၅၃၂.၇၆ | ၈၃၈၇.၆၆ |
| 3 | Other Reserves (ချေးငွေအတွက်ရန်ပုံငွေ) | ၃၇၇၈.၉၆ | ၄၆၂၇.၇၅ | ၄၆၂၇.၇၅ |
| 4 | Profit & Loss (မခွဲဝေသောအမြတ်) | ၂၂၁၁.၂၄ | ၂၁၃၆.၀၄ | ၄၆၈၀.၁၉ |
| | TOTAL | ၆၉၆၉၆.၃၆ | ၇၁၄၂၁.၂၁ | ၇၄၈၂၀.၂၆ |



## ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း

၃၅ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (2018-2019)ဘဏ္ဍာနှစ်၏ စာရင်းနှင့်လုပ်ငန်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြီးကြပ်လျှက်ရှိပြီး၊ Win Thin & Associates မှလည်း 2018-2019 ဘဏ္ဍာနှစ်၏ စာရင်းများကို စစ်ဆေးပြီးဖြစ်ပါသည်။ 2018-2019 ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ် အစီရင်ခံစာ နှင့် နှစ်ချုပ်စာရင်းရှင်းတမ်းအား ပူးတွဲတင်ပြထားပါသည်။

၃၆ ထို့အပြင် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ(၄၉)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အစုရှယ်ယာရှင်များမှခန့်အပ်သည့်အဖွဲ့ဝင် (၄) ဦးပါဝင်သော စာရင်းစစ်ကော်မတီသည် 2018-2019 ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းစီစစ်မှု အစည်းအဝေး (၄)ကြိမ် ပြုလုပ်ခဲ့ပြီး၊ ဘဏ်၏အပ်ငွေ အခြေအနေ၊ ချေးငွေလုပ်ငန်းများ၊ စာရင်းလုပ်ငန်းများ၊ စီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍လည်းကောင်းစီစစ်ပါသည်။ ဘဏ်ခွဲငွေကြေးဌာနအတွင်းရှိ စာရင်းပိတ်လက်ကျန်ငွေစစ်ဆေးခြင်း၊ စာရင်းစစ်ဝင်ရောက်သည့်အချိန် (Real Time Cash Balance) အား စစ်ဆေးခြင်း၊ ချေးငွေအတွက် ပေးအပ်ထားသည့် အာမခံ စာချုပ်စာတမ်းများနှင့်
ချေးငွေအတွက် ချုပ်ဆိုရသည့် ချေးငွေဆိုင်ရာ စာချုပ် စာတမ်းများကို စစ်ဆေးခြင်း ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် အပ်ငွေကိစ္စရပ်များ၊ ချေးငွေအမျိုးအစားအမျိုးမျိုး၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း စစ်ဆေးပြီး အကြံပြုချက်များပေး၍ ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။

၃၇ ဘဏ်တွင်းစာရင်းစစ်ဌာန (Internal Audit Department) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ စာရင်းစစ်ကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဘဏ်၏နေ့စဉ်စာရင်းလုပ်ငန်းများ၊ လချုပ်စာရင်းများ၊ ချေးငွေလုပ်ငန်းများ၊စီမံရေးရာလုပ်ငန်းများနှင့်ငွေကြေးဌာန၏လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်စစ်ဆေးလျက်ရှိပြီး၊ ဘဏ်ခွဲရှိ (Real Time) ငွေကြေးလက်ကျန်ကို အခါအားလျော်စွာ ရောင်တခင်စစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ နှစ်ချုပ်စာရင်းပိတ်ကာလအတွင်း Year End Cash Count Program အရ ဘဏ်ခွဲ(၇)ခုအား စစ်ဆေးခဲ့ပါသည်။

၃၈ (2018-2019) ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲ(၂၈)ခု၏ စာရင်းဌာန၊ ငွေကြေးဌာန၊ စီမံဌာနနှင့် ချေးငွေဌာနတို့အား စစ်ဆေးခဲ့ပါသည်။ အဆိုပါ ဘဏ်ခွဲများအား စစ်ဆေးခဲ့သည့် တွေ့ရှိချက်များ၏ ပြုပြင်ဆောင်ရွက်မှုကို Internal Audit Department မှ Follow Up ပြုလုပ်ခဲ့ပါသည်။

၃၉ ရုံးချုပ်ဌာနကိုလည်း လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက် များနှင့် စပ်လျဉ်း၍လည်း စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

# မြန်မာနိုင်ငံသားများဘဏ်(MCB) နှင့် International Finance Corporation (IFC) တို့အတူ ပူးပေါင်းဆောင်ရွက်ခြင်း – **“MCB 4.0 Project”**

၄၀

မြန်မာနိုင်ငံသားများဘဏ်၏ ဒါရိုက်တာအဖွဲ့နှင့် Management အဖွဲ့တို့မှ မြန်မာနိုင်ငံသားများဘဏ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာ အထိ ပြောင်းလဲမှုမှာ “ MCB 4.0 Project ” အမည်ဖြင့် “Quantum Leap” ဟုခေါ်သော တဟုန်ထိုးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားမည်ဟု ဝိုင်းဝန်းဆုံးဖြတ်ခဲ့ပါသည်။

မြန်မာနိုင်ငံသားများဘဏ်၏ Vision နှင့် ရည်မှန်းချက်များမှာ ၂၀၂၃ခုနှစ်တွင် မြန်မာနိုင်ငံ၏ ထိပ်တန်းဘဏ်များ အဆင့် ၆ တွင် တည်ရှိပြီး ဘဏ်နယ်ပယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ အကောင်းဆုံးပေးနိုင်သော ဘဏ်တစ်ခုအဖြစ်ရောက်ရှိနိုင်ရေးတို့ဖြစ်ပါသည်။ ဤရည်မှန်းချက်များကို ဆွတ်ခူးနိုင်ရန် customer များကို ဗဟိုပြုသော၊ နည်းပညာပိုင်းတွင် ထက်မြက်ပါးနပ်သော၊ ဘဏ်ကြီးထွားလာသည်နှင့် အမျှ အမြတ်အစွန်းများ ရရှိနိုင်စေရေးနှင့်မျိုးစုံကွဲပြားခြားနားသော portfolio အစုစုများထုတ်လုပ်နိုင်သော ဘဏ်အဖြစ် တည်ရှိနေရပါမည်။

ထိုရည်မှန်းချက်များကိုအကောင်အထည်ဖော်ရန် ဘဏ်လုပ်ငန်းတွင် ဦးဆောင်ဦးရွက်ပြုသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော IFC ၏အကြံပေး အတိုင်ပင်ခံဝန်ဆောင်မှုများကိုရယူကျင့်သုံးလျှက်ရှိပြီး ၎င်းတို့နှင့်ပေါင်းစပ်လုပ်ကိုင်ခြင်းမှ တစ်ဆင့် အရင်းအနှီးပြုပါဝင်သူများအားလုံး၏ ယုံကြည်မှုအဆင့်ကို ကျွန်တော်တို့ဘဏ်ကတိုးမြှင့်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၈ခုနှစ် စက်တင်ဘာလမှစတင်၍ IFC က ကျွန်တော်တို့ဘဏ်အား 360 degree Strategic Business Review ပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လ၊ ၁၄ရက်တွင် Yangon Stock Exchange Center တွင် “MCB-IFC Advisory Service Agreement Signing Ceremony” တစ်ရပ် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ UMFCCI၊ YSX၊ SECM၊ MSEC နှင့် မိတ်ဖက်ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပါသည်။

IFC ၏ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာချဉ်းကပ်မှုပုံစံ၊ ဈေးကွက်ဆိုင်ရာအတွေ့အကြုံ တွေနဲ့ နိုင်ငံတကာမှာ ဘဏ်လုပ်ငန်း ဆိုင်ရာပညာတွေကို မြှင့်တင်ပေးနိုင်မှုတွေက မြန်မာနိုင်ငံသားများ ဘဏ်၏ အောက်ပါမဟာဗျူဟာ (၅)ရပ်ဆီရောက်အောင်စွမ်းဆောင်စေနိုင်မယ်လို့ ကျွန်တော်တို့က ယုံကြည် ထားပါတယ်။

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

# ရှေ့လုပ်ငန်းစဉ်များ

၁ MCB ရှယ်ယာရှင်များနှင့် ၎င်းတို့၏ Customer များ၊ Supplier Network များကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်း။

၂ Digital Bank စနစ်ပြောင်းလဲခြင်းဖြင့် customer များ၏ အတွေ့အကြုံများကို အပြည့်အဝထောက်ပံ့ပေးနိုင်ရန်၊ ထိရောက်စွမ်းဆောင်နိုင်သော လုပ်ငန်းစဉ်များနှင့် service quality ပိုင်းတွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ရှေ့နောက်ညီညွတ်မှုရှိခြင်း။

၃ Customer များ၏ လိုအပ်ချက်များကို စရိတ်သက်သာစွာဖြင့် ဝန်ဆောင်မှုပေးနိုင်စေရန် product အသစ်များ ဆန်းသစ်တီထွင်ခြင်း။

၄ မဟာဗျူဟာ၏ ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်သော ဘဏ်ခွဲများတိုးချဲ့ရာတွင် အသင့်တော်ဆုံးသောဘဏ်ခွဲ အရေအတွက်ပြည့်မီအောင် ဆောင်ရွက်ခြင်း။

၅ ကမ္ဘာ့အဆင့်မှီ ဝန်ထမ်းအင်အားစုများ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် လေ့လာသင်ယူနိုင်သော အဖွဲ့အစည်း ကိုတည်ဆောက်ပြီး ဝန်ထမ်းတစ်ဦးစီ၏ စွမ်းဆောင်ရည်များအလိုက် ဆုလာဘ်များ ချီးမြှင့်ပေးခြင်းတို့ဖြစ်ကြပါသည်။

# မြန်မာနိုင်ငံသားများဘဏ်၏ (၂၀၁၈-၂၀၁၉) လုပ်ငန်းဆောင်ရွက်ချက်များ




KHAYAN BRANCH OPENING



MANDALAY BRANCH OPENING




MUSE BRANCH OPENING




MUSE BRANCH OPENING




ZEGONE BRANCH OPENING




TAUNGGYI BRANCH OPENING

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

# မြန်မာနိုင်ငံသားများဘဏ်၏ (၂၀၁၈-၂၀၁၉) လုပ်ငန်းဆောင်ရွက်ချက်များ



MCB AND IFC ADVISORY SIGNING CEREMONY



MCB AND IFC ADVISORY SIGNING CEREMONY



SIGNING MOU FOR THABARWA PROJECT



MCB AND IFC ADVISORY SIGNING CEREMONY



YSX EXPO 2019



YSX EXPO 2019

# မြန်မာနိုင်ငံသားများဘဏ်ဝန်ထမ်းများ၏ ပျော်ရွှင်ဖွယ် STAFF PARTY ပုံရိပ်များ







**STARS & GLITTERS NIGHT**
**23 FEBRUARY, 2018**














မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

# မြန်မာနိုင်ငံသားများဘဏ်၏ ဝန်ဆောင်မှုများ

## PRODUCTS & SERVICES





### SAVINGS

### HP AUTO LOAN



### GREEN FINANCING





### JICA TWO STEPS LOAN

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ ကုန်ဆုံးသော နှစ်အတွက်
## ဒါရိုက်တာများ၏ တင်ပြချက်

ကျွန်ုပ်တို့ဒါရိုက်တာများ၏ ရေးသားတင်ပြချက်များအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသည့် နှစ်အတွက် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ နှင့်အတူ အစုဝင်များသို့တင်ပြပါသည်။

### ဒါရိုတ်တာများ၏ ထင်မြင်ယူဆချက်

ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိဘဏ်၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ၎င်းနေ့ကုန်ဆုံးသောနှစ်နှင့်ဆိုင်သော ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း နှင့်ငွေသားစီးဆင်းမှုရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲထားပါသည်။ ဘဏ်သည်ပေးရန်ရှိသော အကြွေးများကို အချိန်စေ့ရောက်သောအခါ ပေးနိုင်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေရှိပါသည်။

### ဒါရိုက်တာများ

ဘဏ်၏နာယကမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဖြစ်ပြီး ယခုတင်ပြချိန်၌ရှိသော ဘဏ်၏ဒါရိုက်တာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးတိုးအောင်မြင့် | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | ဒါရိုက်တာ |
| ၃။ | ဦးလှဦး | ဒါရိုက်တာ |
| ၄။ | ဦးထွန်းလွင် | ဒါရိုက်တာ |
| ၅။ | ဦးအုန်းဆိုင် | ဒါရိုက်တာ |
| ၆။ | ဒေါ်မိုးမိုး | ဒါရိုက်တာ |
| ၇။ | ဒေါ်အေးစန္ဒာလွင် | ဒါရိုက်တာ |
| ၈။ | ဦးအောင်အောင် | ဒါရိုက်တာ |
| ၉။ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ |
| ၁၀။ | ဦးအေးသော် | လွတ်လပ်သောဒါရိုက်တာ |

### ဒါရိုက်တာများမှ အစုရှယ်ယာများနှင့် ငွေချေးစာချုပ်များအား ဝယ်ယူနိုင်သည့် အစီအစဉ်

ဘဏ္ဍာရေးကာလအတွင်းတွင်ဖြစ်စေ ကာလကုန်သည့်အချိန်တွင်ဖြစ်စေ ဘဏ်၏ဒါရိုက်တာများမှ ဘဏ် (သို့) ဘဏ်၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အစုရှယ်ယာများ၊ ငွေချေးစာချုပ်များအား ဝယ်ယူခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန်စီစဉ် ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိပါ။

ရွေးပိုင်ခွင့်ရှိသောအစုရှယ်ယာများ

ဘဏ်၏မထုတ်ဝေရသေးသော ရှယ်ယာများအား ဘဏ္ဍာရေးနှစ်အတွင်း Subscribe ပြုလုပ်ရန်အတွက် ရွေးပိုင်ခွင့်ပြု ထားခြင်းမရှိပါ။

ဘဏ်၏မထုတ်ဝေရသေးသောရှယ်ယာများကို Option နည်းလမ်းများဖြင့် ဝယ်ယူရန်အတွက် ဘဏ္ဍာရေးနှစ်အတွင်း မည်သည့်ရှယ်ယာမှ ထုတ်ဝေထားခြင်းမရှိပါ။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ဘဏ်မှ Option အနေဖြင့် မထုတ်ဝေရသေးသော အစုရှယ်ယာ မရှိပါ။

ပြင်ပစာရင်းစစ်

ဝင်းသင်နှင့် စာရင်းစစ်များအဖွဲ့မှ ပြင်ပစာရင်းစစ်အဖြစ် ထပ်မံလက်ခံရန် ဆန္ဒရှိပါသည်။

ဒါရိုက်တာများကိုယ်စား

ဦးတိုးအောင်မြင့်
(ဥက္ကဋ္ဌ)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်

တိုးအောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
WIN THIN & ASSOCIATES
CERTIFIED PUBLIC ACCOUNTANTS
HEAD OFFICE:- Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-201798, 296164, Fax: 95-1-245671 Email: winthin9@myanmar.com.mm
MANDALAY BRANCH:- OFFICE Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region, Myanmar. Tel: 95-2-4034451, Fax: 95-2-4034498

စာအမှတ် - ၇၆၆ /အမ်-၂၄၉/ စက်တင်ဘာလ ၂၀၁၉

## ပြင်ပစာရင်းစစ် အစီရင်ခံစာ

မြန်မာနိုင်ငံသားများဘဏ်လီမိတက် ၏ အစုရှယ်ယာဝင်များသို့

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် "မြန်မာနိုင်ငံသားများဘဏ်လီမိတက်" ၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်**

၎င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards – MFRSs) ကိုအခြေခံ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်နှင့် စပ်လျဉ်းသော လုပ်ငန်းတွင်းထိန်းချုပ်မှုအစီအစဉ်ကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သော စာရင်းဆိုင်ရာခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါသည်။

**စာရင်းစစ်၏တာဝန်**

ကျွန်တော်များအဖွဲ့၏တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကို အခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသောအချက်များအား မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေတန်ဖိုးများအတွက် စာရင်းစစ်အထောက်အထားများရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောမှားယွင်းချက်၏ အန္တရာယ်များကိုအကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအပေါ်တွင် မူတည်ပါသည်။

ထိုအန္တရာယ်များအား အကဲဖြတ်မှုများ ပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲမှုနှင့်သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန် အလို့ငှာ သက်ဆိုင်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းအဖွဲ့၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။ စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းကိုင်မှုများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက်အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။

ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ ခြွင်းချက်ပါသော စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် အတွက် လုံလောက်သင့်လျော်သော အခြေခံအကြောင်းအရင်းဖြစ်ကြောင်း ယုံကြည်ပါသည်။

**ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန် အခြေခံ**

ကျွန်တော်များအဖွဲ့မှ စာရင်းစစ်ဆေးနေစဉ်အတွင်း အဓိကအားဖြင့် Core Banking System ကြောင့်ဖြစ်ပေါ်ပြီး မှန်ကန်မှုကိုစီစစ်၍ မရနိုင်သော ခြွင်းချက်များအား အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။

၁) အခြားရပိုင်ခွင့်များ (ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ - မှတ်စု ၉) တွင်ပါဝင်နေသည့် ငွေကျပ် ၈၇၀,၁၂၄,၈၀၇ ရှိသော အခြားယာယီစာရင်း - Suspense others

၂) မြီရှင်စာရင်းဖြစ်ပေါ်နေသော ချေးငွေလက်ကျန် ကျပ် ၁၂၁,၀၂၇,၆၉၆၊ မြီရှင်စာရင်းဖြစ်ပေါ်နေသည့် ချေးငွေအပေါ်အတိုးရရန်ရှိ ကျပ် ၃၈,၆၆၅,၆၆၁ နှင့် မြီစားစာရင်းဖြစ်ပေါ်နေသည့် Interest in Suspense ကျပ် ၄၃၉,၆၉၆,၇၉၅

အထက်ဖော်ပြပါခြွင်းချက်များကြောင့် ပေါ်ပေါက်လာနိုင်သော စာရင်းညှိနှိုင်းချက်များသည် ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းများ၏ မည်သည့်အစိတ်အပိုင်းကို ထိခိုက်နိုင်မည်ကို ကျွန်တော်များ သတ်မှတ်နိုင်ခြင်းမရှိပါ။

**ခြွင်းချက်ပါသော ထင်မြင်ယူဆချက်**

အထက်ဖော်ပြပါ ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန်အခြေခံစာပိုဒ်ပါ ကိစ္စရပ်များမှ ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများမှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards - MFRSs) ကိုအခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့်အရေးပါသော အချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်များထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန်အခြေခံစာပိုဒ်ပါ ကိစ္စရပ်များမှလွဲ၍

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၂၅၈နှင့် အညီ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ ငွေရေးကြေးရေး ဥပဒေပုဒ်မ-၈၉ အရ စီမံခန့်ခွဲသူများသို့ ပေးပို့သော အစီရင်ခံစာပါ ကိစ္စရပ်နှင့် ခြွင်းချက်ပါသော ထင်မြင်ယူဆချက်ပေးရန်အခြေခံစာပိုဒ်ပါ ကိစ္စရပ်များမှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံလုံလောက်စွာနှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားပြီး ဘဏ်၏အရာထမ်း အမှုထမ်းများထံမှ ရရှိသော သတင်းအချက်အလက်များသည်လည်း ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ကျွန်တော်များ ထင်မြင်ယူဆပါသည်။

မိုးကျော် (ပီအေ - ၃၁၃)
မန်နေဂျင်းပါတနာ
ဂ၀င်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။

နေပြည်တော်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ
ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၇၈,၀၄၉,၅၀၇,၆၅၂ | ၆၁,၄၇၄,၉၅၂,၉၄၃ |
| ချေးငွေလက်ကျန် | ၇ | ၃၁၅,၂၉၈,၄၀၃,၇၅၅ | ၂၃၀,၄၉၆,၃၆၇,၇၇၂ |
| ရင်းနှီးမြှုပ်နှံမှုများ | ၈ | ၁၀၃,၇၉၅,၉၅၁,၃၀၀ | ၅၉,၈၇၁,၁၅၃,၀၄၈ |
| အခြားရပိုင်ခွင့်များ | ၉ | ၉,၁၂၁,၄၇၁,၁၉၇ | ၇,၀၄၀,၃၃၆,၆၁၄ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၅,၅၆၉,၄၇၈,၆၉၉ | ၁၃,၇၅၀,၃၁၆,၇၃၂ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၃,၄၈၃,၁၄၅,၁၅၂ | ၃,၅၅၅,၉၈၈,၇၀၆ |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | | ၅၂၅,၃၁၇,၉၅၇,၇၅၅ | ၃၇၆,၁၈၉,၁၁၅,၈၁၅ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၂ | ၄၃၄,၀၄၅,၃၃၃,၄၁၂ | ၂၈၃,၂၂၂,၁၀၂,၇၁၄ |
| အခြားပေးရန်တာဝန်များ | ၁၃ | ၁၅,၄၅၂,၃၆၀,၉၂၅ | ၁၂,၅၄၅,၇၉၆,၁၅၄ |
| ချေးယူငွေများ | ၁၄ | ၁,၀၀၀,၀၀၀,၀၀၀ | ၉,၀၀၀,၀၀၀,၀၀၀ |
| **စုစုပေါင်းပေးရန်တာဝန်များ** | | ၄၅၀,၄၉၇,၆၉၄,၃၃၇ | ၃၀၄,၇၆၇,၈၉၈,၈၆၈ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၅ | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |
| ရန်ပုံငွေများ | ၁၆ | ၁၃,၀၁၅,၄၁၀,၅၇၉ | ၁၂,၁၆၀,၅၁၅,၃၀၇ |
| အမြတ်လက်ကျန် | | ၄,၆၈၀,၁၉၀,၀၃၉ | ၂,၁၃၆,၀၃၈,၈၄၀ |
| **စုစုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်** | | ၇၄,၈၂၀,၂၆၃,၄၁၈ | ၇၁,၄၂၁,၂၁၆,၉၄၇ |
| **စုစုပေါင်း အစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | ၅၂၅,၃၁၇,၉၅၇,၇၅၅ | ၃၇၆,၁၈၉,၁၁၅,၈၁၅ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

**ဒါရိုက်တာများမှ အတည်ပြုချက်**

တိုးအောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

Lalith Meegoda
Chief Financial Officer
Myanmar Citizens Bank Public Co., Ltd.

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
### ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | မှတ်စု | ၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၁၉ မြန်မာကျပ် | ၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၇ | ၄၁,၁၉၃,၈၃၄,၈၅၇ | ၁၅,၈၂၃,၁၇၀,၁၄၂ |
| အတိုးစရိတ် | ၁၈ | (၂၇,၄၈၂,၃၆၄,၁၅၆) | (၉,၂၅၀,၆၀၀,၇၂၉) |
| **အသားတင် အတိုးဝင်ငွေ** | | ၁၃,၇၁၁,၄၇၀,၇၀၁ | ၆,၅၇၂,၅၆၉,၄၁၃ |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၁၉ | ၅,၄၃၆,၃၈၁,၂၈၁ | ၃,၃၄၃,၈၄၁,၄၇၄ |
| သီးသန့်ကြေးဆုံးလျာထားချက်တိုးလာမှု | | (၁၈၁,၇၈၉,၃၄၃) | (၁၉၅,၆၂၉,၈၂၅) |
| ချေးငွေဆုံးရှုံးမှုအထွေထွေလျာထားငွေ | | (၁,၆၉၉,၆၇၆,၅၀၆) | - |
| အခြားဝင်ငွေ | ၂၀ | ၃၆၆,၅၆၄,၃၆၈ | ၄၃၃,၅၄၅,၁၁၅ |
| **စုစုပေါင်းဝင်ငွေ** | | ၁၇,၆၃၂,၉၅၀,၅၀၁ | ၁၀,၁၅၄,၃၂၆,၁၇၇ |
| | | | |
| ဝန်ထမ်းရေးရာစရိတ် | ၂၁ | (၇,၁၇၆,၀၄၁,၂၈၇) | (၃,၅၃၂,၂၈၂,၄၈၇) |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | ၂၂ | (၄,၅၅၉,၃၈၆,၅၄၈) | (၁,၀၆၁,၉၇၆,၉၈၃) |
| တန်ဖိုးလျော့ | ၁၀,၁၁ | (၁,၅၉၃,၅၃၇,၂၄၉) | (၅၉၈,၈၃၁,၃၀၃) |
| **အခွန်မလျာထားမီအသားတင်အမြတ်** | | ၄,၃၀၃,၉၈၅,၄၁၇ | ၄,၉၆၁,၂၃၅,၄၀၄ |
| ဝင်ငွေခွန်စရိတ် | ၂၃ | (၈၈၄,၄၀၄,၃၂၈) | (၁,၁၅၆,၁၈၇,၁၇၂) |
| **အခွန်လျာထားပြီးအသားတင်အမြတ်** | | ၃,၄၁၉,၅၈၁,၀၈၉ | ၃,၈၀၅,၀၄၈,၂၃၂ |
| **နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ** | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | ၃,၄၁၉,၅၈၁,၀၈၉ | ၃,၈၀၅,၀၄၈,၂၃၂ |
| | | | |
| အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ | ၂၄ | ၃၂၉ | ၃၆၆ |
| လျော့နည်းဖွယ်ရှိသော အစုရှယ်ယာတစ်စု၏ဝင်ငွေ | ၂၄ | ၃၂၉ | ၃၆၆ |

***ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။***

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**
**၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်**
**အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း**

| | ရင်းနှီးငွေ<br>မြန်မာကျပ် | ရန်ပုံငွေ<br>မြန်မာကျပ် | အမြတ်လက်ကျန်<br>မြန်မာကျပ် | စုစုပေါင်း<br>မြန်မာကျပ် |
|---|---|---|---|---|
| **၂၀၁၉ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်** | | | | |
| စာရင်းဖွင့်လက်ကျန် (၁-၁၀-၂၀၁၈) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၂,၁၆၀,၅၁၅,၃၀၇ | ၂,၁၃၆,၀၃၈,၈၄၀ | ၇၁,၄၂၁,၂၁၆,၉၄၇ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | (၂၀,၅၃၄,၆၁၈) | (၂၀,၅၃၄,၆၁၈) |
| **စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၂,၁၆၀,၅၁၅,၃၀၇ | ၂,၁၁၅,၅၀၄,၂၂၂ | ၇၁,၄၀၀,၆၈၂,၃၂၉ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၈၅၄,၈၉၅,၂၇၂ | (၈၅၄,၈၉၅,၂၇၂) | - |
| အမြတ်ဝေစု | - | - | - | - |
| နှစ်အတွင်းအမြတ် | - | - | ၃,၄၁၉,၅၈၁,၀၈၉ | ၃,၄၁၉,၅၈၁,၀၈၉ |
| **စာရင်းပိတ်လက်ကျန် (၃၀-၉-၂၀၁၉)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | ၄,၆၈၀,၁၉၀,၀၃၉ | ၇၄,၈၂၀,၂၆၃,၄၁၈ |
| **၂၀၁၈ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသော ၆ လတာ ကာလအတွက်** | | | | |
| စာရင်းဖွင့်လက်ကျန် (၁-၄-၂၀၁၈) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၀,၃၆၀,၄၆၄,၃၂၂ | ၂,၂၁၁,၂၃၈,၇၉၃ | ၆၉,၆၉၆,၃၆၅,၉၁၅ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၁,၈၀၀,၀၅၀,၉၈၅ | (၁,၈၀၀,၀၅၀,၉၈၅) | - |
| အမြတ်ဝေစု | - | - | (၂,၀၈၀,၁၉၇,၂၀၀) | (၂,၀၈၀,၁၉၇,၂၀၀) |
| (၆) လတာကာလအမြတ် | - | - | ၃,၈၀၅,၀၄၈,၂၃၂ | ၃,၈၀၅,၀၄၈,၂၃၂ |
| **စာရင်းပိတ်လက်ကျန် (၃၀-၉-၂၀၁၈)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၂,၁၆၀,၅၁၅,၃၀၇ | ၂,၁၃၆,၀၃၈,၈၄၀ | ၇၁,၄၂၁,၂၁၆,၉၄၇ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

## ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (မြန်မာကျပ်) | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (မြန်မာကျပ်) |
|---|---|---|---|
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| အခွန်မလျာထားမီအသားတင်အမြတ် | | ၄,၃၀၃,၉၈၅,၄၁၇ | ၄,၉၆၁,၂၃၅,၄၀၄ |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| တန်ဖိုးလျော့ | | ၁,၅၉၃,၅၃၇,၂၄၉ | ၅၉၈,၈၃၁,၃၀၃ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး | | ၆၉၆,၅၈၀ | - |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | | ၂၆၂ | ၁၉၅,၃၀၀ |
| ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်း စာရင်းပယ်ဖျက်မှု | | ၇၉,၆၂၆,၆၉၃ | - |
| ယခင်နှစ်စာရင်းညှိနှိုင်းမှုများ | | (၂၀,၅၃၄,၆၁၈) | - |
| လက်ငင်းရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းအမြတ် | | ၅,၉၅၇,၃၁၁,၅၈၃ | ၅,၅၆၀,၂၆၂,၀၀၇ |
| လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန် အတိုး / အလျော့ | | | |
| ချေးငွေလက်ကျန် | | (၈၄,၈၀၂,၀၃၅,၉၈၃) | (၄၂,၂၄၃,၈၁၉,၅၈၄) |
| အခြားရပိုင်ခွင့်များ | | (၆၅၄,၅၀၁,၇၇၂) | (၁,၁၃၃,၆၀၇,၁၇၁) |
| အပ်ငွေစာရင်း | | ၁၅၀,၈၂၃,၂၃၀,၆၉၈ | ၅၄,၆၄၆,၆၀၇,၀၃၉ |
| အခြားပေးရန်တာဝန်များ | | ၂,၀၂၂,၁၆၀,၄၄၃ | (၄၉၇,၁၈၁,၆၉၃) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု | | ၇၃,၃၄၆,၁၆၄,၉၆၉ | ၁၆,၃၃၂,၂၆၀,၅၉၈ |
| ဝင်ငွေခွန်ပေးဆောင်မှု | | (၁,၄၂၆,၆၃၂,၈၁၁) | (၇၂၀,၄၀၀,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု) | | ၇၁,၉၁၉,၅၃၂,၁၅၈ | ၁၅,၆၁၁,၈၆၀,၅၉၈ |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ငွေတိုက်စာချုပ် နှင့်အခြားရင်းနှီးမြှုပ်နှံမှုများ (ဝယ်ယူမှု)/ ရောင်းချမှု | | (၄၃,၉၂၄,၇၉၈,၂၅၂) | (၂,၃၆၀,၂၇၃,၆၃၆) |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | | ၁,၈၀၀,၀၀၀ | - |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၂,၉၈၂,၄၄၈,၆၁၅) | (၁,၂၆၆,၆၄၂,၄၃၀) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | | (၄၃၉,၅၃၀,၅၈၂) | (၃,၅၂၃,၇၃၅,၄၄၁) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု) | | (၄၇,၃၄၄,၉၇၇,၄၄၉) | (၇,၁၅၀,၆၅၁,၅၀၇) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | | |
| ချေးငွေရယူခြင်း | | ၁,၀၀၀,၀၀၀,၀၀၀ | ၉,၀၀၀,၀၀၀,၀၀၀ |
| ချေးငွေပြန်လည်ပေးဆပ်ခြင်း | | (၉,၀၀၀,၀၀၀,၀၀၀) | - |
| အမြတ်ဝေစုထုတ်ပေးငွေ | | - | (၂,၀၇၁,၅၀၅,၁၀၀) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု) | | (၈,၀၀၀,၀၀၀,၀၀၀) | ၆,၉၂၈,၄၉၄,၉၀၀ |
| ငွေသားအသားတင် အတိုး /(အလျော့) | | ၁၆,၅၇၄,၅၅၄,၇၀၉ | ၁၅,၃၈၉,၇၀၃,၉၉၁ |
| စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၆၁,၄၇၄,၉၅၂,၉၄၃ | ၄၆,၀၈၅,၂၄၈,၉၅၂ |
| စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၇၈,၀၄၉,၅၀၇,၆၅၂ | ၆၁,၄၇၄,၉၅၂,၉၄၃ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

မြန်မာနိုင်ငံသားများဘဏ်
MYANMAR CITIZENS BANK

www.mcb.com.mm